# ဗင်နီဇွဲလားကို ဖိအားပေးရန်အတွက် ရုရှားနိုင်ငံပိုင် ရေနံကုမ္ပဏီကို အမေရိကန်က ပိတ်ဆို့မှုပြုလုပ်



ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရို၏ အာဏာဆုပ်ကိုင်ထားမှုကို လက်လွှတ်စေရန်အတွက် နိုင်ငံတကာဖိအားပေးမှုကို အရှိန်မြှင့်သည့်အနေဖြင့် အမေရိကန်သမ္မတသည် ဗင်နီဇွဲလားအရေးကိစ္စတွင် အဓိကကျသော နေရာမှပါဝင်နေသည့် ရုရှားနိုင်ငံပိုင် ရို့စ်နက်ဖ် ရေနံကုမ္ပဏီအပေါ် ယမန်နေ့က အရေးယူပိတ်ဆို့မှုများ ချမှတ်လိုက်ကြောင်း သိရသည်။

အမေရိကန်က အရေးယူပိတ်ဆို့မှုများ မကြာခဏ လုပ်ဆောင်နေသော်လည်း ဗင်နီဇွဲလားနိုင်ငံ၏ ရေနံများကို ရောင်းချရာတွင် အကူအညီပေးလျက်ရှိသည့် ရို့စ်နက်ဖ် ထရေးဒင်းအက်စ်အေ ကုမ္ပဏီနှင့် ရို့စ်နက်ဖ် ဒုတိယဥက္ကဋ္ဌ ဒီဒီယာ ကက်စီမီရိုတို့ကို အမေရိကန်ဘဏ္ဍာရေးဌာနက အရေးယူပိတ်ဆို့ရန် ပစ်မှတ်ထားခဲ့သည်။

ဗင်နီဇွဲလား၏ ရေနံစိမ်းများကို ရောင်းချမှုနှင့် သယ်ယူပို့ဆောင်မှုများအတွက် အဓိကကြားဝင်ဆောင်ရွက်ပေးနေသည့် ရို့စ်နက်ဖ်ထရေးဒင်းသည် ဗင်နီဇွဲလားပြည်သူများအပေါ် အာဏာရှင်သမ္မတမာဒူရိုက ဖိနှိပ်စေနိုင်သော ဒေါက်တိုင်သဖွယ် ကူညီပေးလျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အကျင့်ပျက်ခြစားမှုများဖြင့် ပြည့်နှက်နေသည့် နိုင်ငံကို ကူညီအားပေးကာ ပြည်သူများအပေါ် နှိပ်ကွပ်နေမှုကို ထောက်ခံပေးနေသူများကို အရေးယူအပြစ်ပေးရမည်ဖြစ်ကြောင်း မစ္စတာ ပွန်ပီအိုက တွစ်တာ၌ဖော်ပြခဲ့သည်။ အိမ်ဖြူတော်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် ဗင်နီဇွဲလားအတိုက်အခံ ခေါင်းဆောင် ဂွိုက်ဒိုက မာဒူရိုအစိုးရအပေါ် အမေရိကန်၏ ဖိအားပေးမှုအသစ်ကို ကြိုဆိုခဲ့သည်။

**အေအက်ဖ်ပီ**

# ဩစတြေးလျ၌ လေကြောင်းလိုင်းဝန်ထမ်းများ၏ သပိတ်မှောက်မှုကြောင့် လေဆိပ်လုပ်ငန်းဆောင်တာများ အခက်အခဲဖြစ်

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၉**

ဩစတြေးလျနိုင်ငံ၏ လေကြောင်းလိုင်းတစ်ခု ဖြစ်သည့် ဂျက်စတားလေကြောင်းလိုင်းမှ ဝန်ထမ်းများသည် နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် ဖေဖော်ဝါရီ ၁၈ ရက်က အလုပ်မဆင်းဘဲ သပိတ်မှောက်ခဲ့ကြရာ နိုင်ငံ၏ လေကြောင်းခရီးစဉ် အများအပြားဖျက်သိမ်းခဲ့ရပြီး လေဆိပ်လုပ်ငန်းဆောင်တာများ အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။



ဂျက်စတား လေကြောင်းလိုင်းမှ ဝန်ထမ်းများ မဲလ်ဘုန်းလေဆိပ်၌ ဆန္ဒထုတ်ဖော်နေစဉ်။

တစ်ရက်တာ ကြာမြင့်ခဲ့သည့် လေကြောင်းလိုင်း သပိတ်မှောက်မှုတွင် ဝန်ထမ်း ၂၅၀ ခန့် ပါဝင်ခဲ့ပြီး ဆစ်ဒနီ၊ မဲလ်ဘုန်း၊ အေဒီလိတ်၊ ဘရစ်စဘိန်း၊ ကိုင်းရန့်စ်နှင့် အဒီလိတ်ခ် လေဆိပ်များတွင် လုပ်ငန်းလည်ပတ်မှု အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်။

လေကြောင်းလိုင်း ဝန်ထမ်းများက လေဆိပ်စကြီးများတွင် စုဝေးကာ လုပ်ခ လစာတိုးမြှင့်ပေးရန်၊ ဝန်ထမ်းများဘေးကင်းလုံခြုံရေးနှင့် အလုပ်ချိန်အဆင်ပြေအောင် ဆောင်ရွက်ပေးရန် အော်ဟစ်တောင်းဆိုခြင်း၊ ဆိုင်းဘုတ်များထောင်ခြင်း ပြုလုပ်ကာ တောင်းဆိုခဲ့ကြသည်။

လေကြောင်းလိုင်းဝန်ထမ်းများ ဆန္ဒပြမှုကြောင့် ကွန်တက်စ်မှ ပိုင်ဆိုင်သည့် ဂျက်စတားလေကြောင်းလိုင်း၏ ပြည်တွင်းခရီးစဉ် ၄၈ ခုအထိ ဖျက်သိမ်းခဲ့ရပြီး ခရီးသည်များအား ငွေပြန်အမ်းခြင်းနှင့် အခြား လေကြောင်းများဖြင့် လိုက်ပါနိုင်အောင် စီစဉ်ပေးခြင်းများ လုပ်ဆောင်ပေးခဲ့ရကြောင်း သိရသည်။


**ဆင်ဟွာ**

# အာဖဂန်သမ္မတအဖြစ် အက်ရှရက်ဖ်ဂါနီ ပြန်လည်ရွေးချယ်ခံရ

**ကဘူးလ် ဖေဖော်ဝါရီ ၁၉**

ပြီးခဲ့သည့်ငါးလခန့်အကြာက ကျင်းပခဲ့သော အငြင်းပွားဖွယ် သမ္မတ ရွေးကောက်ပွဲ ကျင်းပခဲ့မှုအတွင်း အာဖဂန် သမ္မတ အက်ရှရက်ဖ်ဂါနီ ဒုတိယအကြိမ် ပြန်လည် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်က အဆိုပါရလဒ်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ သမ္မတဂါနီ သည် အနိုင်ရရှိရန်လိုအပ်သည့် မဲရလဒ်၏ ၅၀ ဒသမ ၆၄ ရာခိုင်နှုန်းကို ရရှိခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ပြောကြားခဲ့သည်။ သမ္မတဂါနီက သမ္မတနန်းတော်၌ မိန့်ခွန်းပြောကြားခဲ့ပြီး အာဖဂန်ပြည်သူများ၏ အခွင့်အရေးများကို အစဉ်အမြဲ အကာအကွယ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ပြန်လည်ရွေးချယ်ခံရသည့် အာဖဂန်သမ္မတ အက်ရှရက်ဖ်ဂါနီ(ယာပုံ)နှင့် ယှဉ်ပြိုင်ဘက် အဗ္ဗဒူလာ အဗ္ဗဒူလာတို့ကို တွေ့ရစဉ်။

နိုင်ငံ၏ အမှုဆောင်ချုပ်ဖြစ်သည့် အဗ္ဗဒူလာ အဗ္ဗဒူလာမှာ မဲရလဒ်၏ ၃၉ဒသမ ၅၂ ရာခိုင်နှုန်းဖြင့် ဒုတိယ အများဆုံးဖြစ်ခဲ့သည်။ အာဖဂန် ရွေးကောက်ပွဲကို ပြီးခဲ့ သည့်စက်တင်ဘာ ၂၈ ရက်ကကျင်းပခဲ့ခြင်းဖြစ်ပြီး ရလဒ်များကို နိုဝင်ဘာလတွင် ထုတ်ပြန်မည်ဟု ခန့်မှန်းထားခဲ့ သည်။ သို့ရာတွင် အငြင်းပွားဖွယ် မဲပေးစနစ်ကြောင့် မဲရလဒ်များပြန်လည်ရေတွက်ရန် မဖြစ်မနေ လိုအပ်လာသည့်အတွက် နောက်ဆုံးရလဒ်များကို ထုတ်ပြန်ရန် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့သည်။

**အေအက်ဖ်ပီ**

# အမေရိကန်-တရုတ် ကုန်သွယ်ရေးဆိုင်ရာ ပွတ်တိုက်မှုဂယက်ကြောင့် အရှေ့တောင်အာရှနိုင်ငံများ စီးပွားရေးတိုးတက်မှု အရှိန်လျော့ကျ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည့် ဂယက်ကြောင့် ၂၀၁၉ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံအများစု၏ စီးပွားရေးတိုးတက်မှု အရှိန်အဟုန် လျော့ကျခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ၁၀ နှစ်အတွင်း အနိမ့်ဆုံးအခြေအနေဖြစ်သည့် ၀ ဒသမ ၇ ရာခိုင်နှုန်းအထိကျဆင်းခဲ့သည်။ ထိုင်းနိုင်ငံ၏စီးပွားရေးမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ငါးနှစ်အတွင်း အနိမ့်ဆုံးကျဆင်းခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၅ဒသမ ၀ ရာခိုင်နှုန်းတိုးတက်မှုရှိပြီး ယင်းပမာဏသည် လေးနှစ်အတွင်း အနိမ့်ဆုံးပမာဏဖြစ်ကြောင်းသိရသည်။

ယင်းနိုင်ငံများမှ ပြည်ပပို့ကုန်ကျဆင်းမှုက စီးပွားရေးတိုးတက်မှု အရှိန်လျော့ကျခြင်း၏ အဓိက အကြောင်းရင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဗီယက်နမ်နိုင်ငံမှာမူ စီးပွားရေးတိုးတက်မှုနှုန်းကို ၇ဒသမ ၀ရာခိုင်နှုန်းတွင် ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ကုန်ထုတ်လုပ်ငန်း ကုမ္ပဏီများက တရုတ်နိုင်ငံမှ ဗီယက်နမ်သို့ ရွှေ့ပြောင်းသွားကြသည့် အတွက် အလားအလာကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# လစ်ဗျားရှိ ကုလသမဂ္ဂထောက်ခံသည့် အစိုးရက ဂျီနီဗာဆွေးနွေးပွဲတွင် ပါဝင်မှုကို ရပ်ဆိုင်း

**ထရီပိုလီ ဖေဖော်ဝါရီ ၁၉**

ပဋိပက္ခဖြစ်ပွားမှုကို ရင်ဆိုင်နေရသည့် လစ်ဗျားနိုင်ငံ၌ ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေး ဖော်ဆောင်နိုင်ရန် ရည်ရွယ်သည့် ကုလသမဂ္ဂဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးနေမှုကို ရပ်နားတော့မည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံ၏ ညီညွတ်သောအစိုးရအဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်နှောင်းပိုင်းတွင် ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံမြို့တော် ထရီပိုလီရှိ ဆိပ်ကမ်းတစ်ခုကို ဒုံးကျည်တိုက်ခိုက်မှုကျရောက်ခဲ့ပြီးနောက်တွင် ကုလသမဂ္ဂထောက်ခံသည့် အစိုးရအဖွဲ့က ဆွေးနွေးပွဲမှ နုတ်ထွက်ရန် လုပ်ဆောင်လာခြင်းဖြစ်သည်။ အမျိုးသားသဘောတူညီမှုဆိုင်ရာ အစိုးရကို ဖြုတ်ချနိုင်ရန်အတွက် နိုင်ငံအရှေ့ပိုင်းရှိ စစ်အာဏာသိမ်းခေါင်းဆောင် ကာလီဖာဟက်ဖ်တာဦးဆောင်သည့် တပ်ဖွဲ့က မြို့တော်ထရီပိုလီကို ပစ်မှတ်ထားကာ တစ်လကြာ ထိုးစစ်ဆင်တိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။

ကာလီဖာဟက်ဖ်တာနှင့် ၎င်း၏ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုအပေါ် ဆန့်ကျင်ကြောင်း ခိုင်မာသည့် သဘောထားရပ်တည်ချက်ကို အတည်မပြုရသေးမီ ဂျီနီဗာ၌ ကျင်းပနေသည့် စစ်ရေးဆိုင်ရာ ဆွေးနွေးမှုတွင် ပါဝင်ခြင်းမှ နုတ်ထွက်မှုကို ကြေညာကြောင်း ညီညွတ်သောအစိုးရအဖွဲ့က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ခရီးသွားတွေ မသိသေးတဲ့ ဘော်လခဲဝန်းကျင်က စိတ်ဝင်စားစရာများ

## Exploring around Bawlakhe in Kayah State

Thiha, the Traveller @ သီဟလုလင်

ဘော်လခဲ (တချို့ကလည်း ဘောလခဲ) ဆိုတဲ့ ကယားပြည်နယ်က အထင်ကရရုံးစိုက်ရာ မြို့လေးကို ကျွန်တော်ရောက်ဖြစ်တော့ ဒီနယ်ဝန်းကျင်မှာလည်း ခရီးသွားတွေ စူးစမ်းထိုးဖောက်လေ့လာနိုင်မယ့် ယဉ်ကျေးမှု ရှေးဟောင်းအဆောက်အအုံတွေနဲ့ သမိုင်းကြောင်းတွေ ရှိနေတယ်ဆိုတာ မထင်မှတ်ဘဲ သိလိုက်ရတယ်။ သွားလာရခက်ခဲဝေးလံပေမယ့် အဲဒီနေရာတွေဆီကို အရောက်သွားဖြစ်ခဲ့တယ်။ တော်ရုံ စိတ်ရှည်မှုမျိုးနဲ့တော့ ဒီဘက်ခရီးသွားဖို့ သိပ်မဖြစ်နိုင်ဘူး။ ရှာဖွေစူးစမ်းခရီးသွားရတာမျိုးကို ကြိုက်တဲ့သူတွေနဲ့ ပိုကိုက်တယ်လို့ ဆိုရပါမယ်။ ဒီဘော်လခဲ ခရီးစဉ်လေးမှာ ကျွန်တော်က ဘော်လခဲမြို့ပေါ်ထက် ဘော်လခဲနယ်ထဲက တခြားမြို့နဲ့ရွာတွေဆီကို ခရီးနှင်သမျှလေးတွေ ဝေမျှပေးချင်တာပါ။

### ဘော်လခဲ ဆိုတာ

ကယားပြည်နယ်ထဲက တိတ်တိတ်ဆိတ်ဆိတ်ရှိလှတဲ့ ရုံးစိုက်မြို့လေးပါ။ ရုံးပေါင်းစုံရှိပေမယ့် စည်စည်ကားကား ဆူဆူညံညံမရှိဘဲ အမြဲအေးချမ်းနေသလိုဖြစ်နေတဲ့ မြို့လေးလို့ ဆိုချင်ပါတယ်။ ဒီနယ်ဝန်းကျင်မှာ ကယားလူမျိုးတွေအပြင် စိတ်ဝင်စားစရာကောင်းတဲ့ ယင်းတလဲလူမျိုးတွေလည်း နေထိုင်ကြပါသေးတယ်။ သူတို့ရွာတွေဆီလည်း ခရီးနှင်သင့်တယ်လို့ ကျွန်တော်ယူဆမိတယ်။ တခြား ကယားပြည်နယ်ထဲက မြို့တွေထက် ဗုဒ္ဓဘာသာနဲ့ နတ်ကိုးကွယ်သူတွေ ပိုများတယ်လို့ ထင်မြင်မိပါတယ်။ စော်ဘွားခေတ်ကို ဖြတ်သန်းခဲ့ရတာမို့ ဟော်လိုမျိုးတွေရှိခဲ့ပေမယ့် ခုတော့ ပျက်စီးယိုယွင်းနေပါပြီ။ ပထမဆုံး စတင်တည်ထောင်သူဆိုရင်တော့ ပထမ ဖဘန့်မင်း (ဖိုးဘျား) စော်ဘွားကြီးလို့ မှတ်သားရပါတယ်။ အရင်က ရှိခဲ့တဲ့မြို့က ချောင်းနှစ်ခုဖြစ်ကြတဲ့ တဘောလျှာချောင်း (အမိချောင်း) နဲ့ တခဲလျှာချောင်း (အဘချောင်း) တို့ကို အစွဲပြုပြီး တဘောတခဲလို့ မြို့ကိုခေါ်ရာကနေ နောက်တော့ ဘောတခဲ၊ ပြီးတော့ ဘောလခဲလို့ ဖြစ်လာတယ် ဆိုပြန်ပါတယ်။ ယင်းတလဲစကားအရ ဆိုရင်တော့ မိဘမြို့လို့ အဓိပ္ပာယ်ရတဲ့ အကြောင်းကို ဖတ်မှတ်လေ့လာခဲ့ရပါတယ်။

### ရာသီဥတု

ကျွန်တော်က လှိုင်ကော်ကနေ လာလည်ဖြစ်တော့ ဟိုဘက်မှာ အေးသလောက် ဘော်လခဲလည်း ရောက်ရော ပူတယ်လို့ ခံစားရတယ်။ ရာသီဥတုက ပူတဲ့ဘက် ပိုရောက်တယ်လို့ ပြောရမယ်။ မိုးတွင်းမှာလည်း မိုးကောင်းမယ့် သဘောရှိပါတယ်။ ကျွန်တော်တို့ သွားလည်တဲ့ဘက်တွေဆို မိုးတွင်း ကားသွားရခက်တဲ့မြေလမ်းတွေ ဖြစ်နေတာမို့ အတော်တော့ သတိထားမောင်းနှင်ရပါလိမ့်မယ်။ ချော်နိုင်ပါတယ်။

### ကယားပြည်နယ်ရဲ့ မျိုးချစ်ခေါင်းဆောင် စောလဖော်

ဘော်လခဲအကြောင်း ပြောရရင် စောလဖော် အကြောင်းလည်း ထည့်တော့ပြောရပါမယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဘော်လခဲမှာ လည်ပတ်ခဲ့တဲ့ နေရာတွေဟာ စောလဖော်နဲ့ ဆက်စပ်နေတာတွေ ရှိနေလို့ပါ။ မြန်မာနိုင်ငံကို ဗြိတိသျှတွေသိမ်းတဲ့အချိန်မှာ ကယားအမျိုးသား စော်ဘွားကြီး စောလဖော်လည်း နယ်ချဲ့ဆန့်ကျင်တော်လှန်တဲ့အထဲ ပါဝင်ခဲ့ပါတယ်။ သူ့ဌာနချုပ်က စောလုံမြို့မှာပါ။ ၁၈၈၈ ခုနှစ်မှာတော့ အင်္ဂလိပ်စစ်တပ်ရဲ့ အင်အားကြီးကို မယှဉ်သာတော့တဲ့အတွက် စောလုံဌာနချုပ်ကို အသိမ်းခံလိုက်ရပါတယ်။ စော်ဘွားကြီး စောလဖော်ဟာ နယ်ချဲ့လက်အောက် မနေလိုလို့ စောလုံရွာသစ်ကို စောလုံအရှေ့ဘက်မှာ ထပ်တည်ပြီး နေခဲ့ပါတယ်။ အခုတော့ စောလုံရွာသစ်ဟာ ရွာသစ်မြို့အဖြစ် ပြောင်းလဲတိုးတက်လာခဲ့ပါပြီ။

### ဘော်လခဲဝန်းကျင် လည်ပတ်မယ်

သဘာဝဝန်းကျင်ရဲ့ လှပမှုရယ်၊ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံတွေရယ်ကြောင့် ဒီခရီးစဉ်က ပိုပြီးစိတ်ဝင်စားစရာဖြစ်စေပါတယ်။ အပျော်ကြိုက်တဲ့ လူငယ်တွေအတွက်ကတော့ ရေပြာချောင်းနဲ့ ရေတံခွန်တွေမှာ ရေဆော့ရင်း အပန်းဖြေနိုင်သေးတယ်။ ဓာတ်ပုံသမားတွေအတွက်လည်း သဘာဝကျတဲ့ ရွာဓလေ့နေထိုင်မှုပုံစံတွေနဲ့ သဘာဝအလှတွေကို ရိုက်ယူနိုင်ဦးမယ်။ ကဲ ဘယ်တွေလည်ကြမလဲ…

### စောလုံရွာ

ကျွန်တော် သွားတုန်းကတော့ အရင်ဆုံး စောလုံရွာဆီ သွားပါတယ်။ စောလုံရွာဆိုတာ မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်အစောပိုင်းက စည်ပင်ခဲ့တဲ့ မြို့လို့ သိရပါတယ်။ ဘော်လခဲကနေ ရွာသစ်နဲ့ စောလုံဆီ လမ်းခွဲလေးက


ဦးအောင်ဇေယျ အောင်မြေနေရာ။

တစ်ဆင့် သွားရတာပါ။ စောလုံရွာလမ်းက ကားလမ်းတစ်လမ်းစာလေးပဲ ရှိပါတယ်။ နှစ်စီးရှောင်ဖို့ အတော်ခက်တဲ့ လမ်းလို့ ပြောရမယ်။ မြေသားလမ်းလေးဖြစ်ပြီး ကျောက်လုံးလေးတွေလည်း ရှိတတ်လို့ ကားမောင်းမကျွမ်းကျင်ရင်၊ နယ်မြေမကျွမ်းကျင်ရင် လမ်းချော်နိုင်ပါတယ်။ သတိထားမောင်းနှင်ဖို့ လိုအပ်ပါတယ်။ လမ်းကလည်း အတက်အဆင်းကြမ်းတဲ့ နေရာလေးတွေ ရှိပါတယ်။ လမ်းကတော့ အတော်လေး သာယာလှပပါတယ်။ လမ်းတစ်လျှောက် တစ်ဖက်က တောင်တွေ၊ တစ်ဖက်က ချောင်းလေးနဲ့ စိတ်ကြည်နူးစွာ ခရီးသွားရတယ်လို့ ဆိုနိုင်ပါတယ်။ စောလုံရွာဆီကို ဘော်လခဲကနေ နာရီဝက်လောက် ကားမောင်းနှင်ရပါတယ်။ စောလုံရွာလေးရဲ့ ရွာထိပ်မှာတော့ စာသင်ကျောင်းလေးနဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိပါတယ်။ လူခြေတိတ်တဲ့ ရွာလေးတစ်ရွာပါ။ ရွာအဝင်အကျော်က သစ်ပင်လေးမှာ ရွာရဲ့ မြေပုံချိတ်ထားပေးလို့ လည်ပတ်ရမယ့် လမ်းကြောင်းကို သိနိုင်ပါတယ်။ ဆရာတော်ကြီးအပါအဝင် ရွာသားတချို့ကတော့ မြန်မာစကားကောင်းကောင်း မပြောပြနိုင်တာမျိုးလည်း ကြုံရပါတယ်။ လောလောဆယ်တော့ အိမ်ခြေ ၂၀ ခန့်လောက်ပဲ တွေ့မိသလိုပဲ။ ကြားရသလောက် ဖျက်ဆီးခံလိုက်ရတယ်လို့ သိရတယ်။ အရင်က ဟော်နန်းဆောင်တွေ မီးရှို့ခံခဲ့ရတယ်ဆိုပါတယ်။ စောလုံကို ကယားပြည်နယ်ရဲ့ ပုဂံလို့ တင်စားခဲ့ကြပါတယ်။

### စောလုံရွာနားက စစ်စခန်းဟောင်း

ရွာကနေ လမ်းခွဲသေးလေးကနေဖြစ်ဖြစ်၊ ရွာရှောင်လမ်းကနေဖြစ်ဖြစ် စစ်စခန်းဟောင်းကို လေ့လာဖို့ သွားရောက်နိုင်ပါတယ်။ ကျွန်တော်တော့ မရောက်ဖြစ်ခဲ့ပါဘူး။ အဲဒီအနီးဝန်းကျင်မှာ မိုင်းကွဲပြီး စက်နဲ့လူထိခဲ့ဖူးတဲ့နေရာကိုလည်း ရွာမြေပုံမှာ ကြယ်ပွင့်ပြဖော်ပြပေးထားပါတယ်။

### စောလုံရွာ ရေထွက်

စောလုံရွာကနေ အရှေ့ဘက်ကို ဆက်ထွက်ရင် ကျွန်တော်တို့ အလာတုန်းက လမ်းတစ်လျှောက် မြင်ခဲ့ရတဲ့ ချောင်းကြီးထဲ စီးဝင်မယ့် ချောင်းလေးတစ်ခုရဲ့ ရေထွက်နေရာကို ရောက်ပါတယ်။

### စောလုံရွာ က စော်ဘွားကြီးစောလဖော် မိသားစုဝင်တွေရဲ့ ဂူဗိမာန်စေတီများ

ဒီစောလုံမှာ လေ့လာစရာ ဖြစ်စေတာတော့ သူရဲကောင်း စောလဖော် မိသားစုဝင်တွေရဲ့ ဂူဗိမာန်စေတီတွေပါပဲ။ ရှေးဟောင်းစေတီပုံစံမျိုး ရုတ်တရက် ထင်စရာရှိပါတယ်။ တကယ်တော့ အုတ်ဂူတွေပါ။ ရွာအဝင်ထိပ်လူသွားလမ်းအရာလေးက သွားကြရပါတယ်။ နယ်ခံလူတွေကို မေးရင် အဲဒီနေရာကို မသိတာများပါတယ်။ ရွာမြေပုံထဲမှာတော့ မုတ်လို့ ရေးထားတာ မြင်ကြရပါတယ်။ မုတ်လို့ မေးရင်တော့ သူတို့ သိနိုင်ပါတယ်။ ဂူတွေက ထိန်းသိမ်းမှု ကင်းမဲ့နေပြီး အဖောက်ခံထားရ၊ အဖြိုခံထားရတာတွေ အကုန်နီးပါးပါပဲ။ ဌာပနာတွေ ရှိမယ်အထင်နဲ့ ဖောက်ကြပုံရပါတယ်။ ရှိကောင်းလည်း ရှိနိုင်ပါတယ်။ အခုတော့ အပြိုအပျက်တွေကြားမှာ ဝမ်းနည်းစရာလေး ဖြစ်နေတော့တာပါပဲ။ အဲဒီရောက်တဲ့အချိန် စိတ်ထဲဆွေးသလိုလို၊ ဝမ်းနည်းသလိုလို ခံစားခဲ့ရတယ်။ ညနေခင်းပိုင်း ရောက်တာဆိုတော့ ခံစားမှုက ပိုတာလည်း ဖြစ်နိုင်ပါတယ်။

### ရေပြာချောင်းလေးမှာ ရေဆော့မယ်

ရေပြာချောင်းလေးက ကျွန်တော်သွားတဲ့ ဖေဖော်ဝါရီလထဲတော့ ကြည်လင်ပြာလဲ့နေတာပဲ။ ကျွန်တော် အမှတ်မမှားဘူးဆိုရင် အဲဒီ ချောင်းလေးဟာ နမ့်ပွန်ချောင်း ဖြစ်ပါလိမ့်မယ်။ ရေတံခွန်လို ဖြစ်နေတဲ့ နေရာလေးတွေလည်းရှိသလို ရေတည်တည်ငြိမ်ငြိမ်ဖြတ်သန်းနေတဲ့ နေရာတွေလည်း ရှိပါတယ်။ ရေနက်တဲ့နေရာတွေလည်းရှိတော့ ထင်သလိုတော့ ရေဆော့လို့ မဖြစ်ပါဘူး။ ဒေသခံတွေ ရေချိုး၊ အဝတ်လျှော်တဲ့နေရာတွေ အနီးမှာတော့ ပိုပြီးစိတ်ချရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*


သာယာလှပသည့် နမ့်ပွန်ချောင်း။


ဒေသခံတို့၏ ထူးခြားသည့် အိမ်ပုံစံ။

# စလင်းမြို့နယ်မှ ကျေးရွာခုနစ်ရွာ၌ စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်

**စလင်း ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာ၌ နွေရာသီကာလသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်နေသည့် ကျေးရွာများမှာ တမာချောင်၊ မင်းလျှင်၊ အိုးထိန်း၊ ရေလဲ၊ ကုက္ကိုကျင်း၊ အရှေ့ကုန်းနှင့် သာစည်ကျေးရွာတို့ဖြစ်ပြီး လေး လက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းခုနစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း ခြောက်ခု၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းတစ်ခုနှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့်ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းခုနစ်ခု ပါဝင်ကြောင်း၊ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ကျပ် ၁၄၈ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း သိရသည်။



ကျေးရွာတစ်ရွာ၌ စက်ရေတွင်း တူးဖော်ပေးနေစဉ်။

အဆိုပါ စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ခုနစ်ရွာရှိ အိမ်ခြေ ၇၈၁ အိမ်မှ လူဦးရေ ၃၇၉၇ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေများ လုံလောက်စွာ ရရှိစေရန် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဇေယျက ပြောသည်။

**ငြိမ်းသူ(စလင်း)**

## ဖာပွန်နှင့် နမ့်ဆန်မြို့တို့၌ ကိုရိုနာဗိုင်းရပ်စ် ရောဂါအကြောင်း ပညာပေးဟောပြော

**နမ့်ဆန်**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) အကြောင်း သိရှိစေရန်နှင့် စာပေဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၁၈ ရက်က စာသင်ကျောင်းများသို့ ကွင်းဆင်းဟောပြောသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်နန်းထားထားလှိုင်က ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ ရောဂါမကူးစက်နိုင်အောင် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို ဟောပြောသည်။

ထို့နောက် ကိုရိုနာဗိုင်းရပ်စ်အကြောင်းသိကောင်းစရာ နံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဖာပွန်**

ကရင်ပြည်နယ် ဖာပွန်မြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း ပညာပေးဟောပြောခြင်းနှင့် စတစ်ကာကပ်ခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်က ဖာပွန်မြို့နယ် ဧမုံကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေလင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေးနှင့် ကျန်းမာရေးဝန်ထမ်းများသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း၊ ကာကွယ်ရေးလုပ်ငန်းများအကြောင်းတို့ကို ဟောပြောရာ ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

ထို့အပြင် အများမြင်နိုင်သည့်နေရာများတွင် ကျန်းမာရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်နှင့်ပတ်သက်၍ စတစ်ကာများ ကပ်ပေးထားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ရခိုင်အသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရတနာပုံအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြောက်ပွဲဆက် အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးမှ ဦးဆောင်နေသည့် ဟံသာဝတီအသင်းသည် ကစားပုံမာကျောသည့် စစ်ကိုင်းအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်ပြီး နိုင်ပွဲဆက်ရန် ရုန်းကန်ရမည်ဖြစ်သည်။ တတိယနေရာမှ ဧရာဝတီအသင်းမှာလည်း ရတနာပုံနှင့် ကစားရမည်ဖြစ်ပြီး နာမည်ကြီးရတနာပုံအသင်းမှာလည်း အဝေးကွင်းထပ်မံကစားရမည်ဖြစ်သောကြောင့် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ ဇယားထိပ်ပိုင်းမှ အသင်းများ တွေ့ဆုံမှုတွင် ဘယ်အသင်း နိုင်ပွဲဆက်မလဲ၊ ဘယ်အသင်း ခြေချော်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။

ပွဲစဉ် (၆) အပြီးတွင် ဟံသာဝတီက ၁၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်နှင့် ဧရာဝတီတို့က ၁၆ မှတ်စီ၊ ရှမ်းယူနိုက်တက်က ၁၂ မှတ်၊ ရခိုင်က ၁၁ မှတ်၊ စစ်ကိုင်းက ၁၀ မှတ်၊ မကွေးက ခြောက်မှတ်၊ ရတနာပုံက ငါးမှတ်၊ ချင်းယူနိုက်တက်က လေးမှတ်၊ အား/ကာသိပ္ပံက သုံးမှတ်၊ ဖွဲ့ကပင်က တစ်မှတ် ရထားပြီး Southern အသင်းမှာမူ ခြောက်ပွဲစလုံး ရှုံးကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်မှ ၁၆ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၄။ | ချိုချဉ်ဖန်ခါးအတွေးစာစုများ | သျှင်မီးအိမ် | ကိုလတ်စာပေ | ၂၀၀၀ |
| ၁၅။ | ခေါင်းဆောင်မှုဟန်နှင့် စီမံခန့်ခွဲမှု သဘောတရားများ | အောင်မေဃ | ယဉ်မျိုး | ၂၀၀၀ |
| ၁၆။ | သေမင်းတောင်ကြား | စိန်ဝင်းစိန် | ဘဝတက္ကသိုလ် | ၃၀၀၀ |
| ၁၇။ | " လွတ်လပ်သောစိတ်ဖြင့် ဦးနှောက်ကို တူးဆွသရုပ်ဖော်သူပန်းချီမှတ်သုံ" | မောင်ကိုကို(အမရပူရ) | စိတ်ကူးချိုချို | ၁၃၀၀ |
| ၁၈။ | ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သင်ဖြူးဖျာလုပ်ငန်း | ထိန်လင်း(မန်းတက္ကသိုလ်) | မိုးကျော်စာပေ | ၃၀၀၀ |
| ၁၉။ | အချစ်ဦး | တာတေ(ဓာတုဗေဒ) | ခင်မြတ်သူစာပေ | ၃၅၀၀ |
| ၂၀။ | နိဗ္ဗာန်သို့ပို့ဆောင်သောဗုဒ္ဓဘာသာ မြတ်တရားကျေးဇူး | ပန်းချီဆရာကြီး Dr ဦးလွန်းကြွယ် | အမေ့ဥယျာဉ် | ၄၀၀၀ |
| ၂၁။ | အတွေးအခေါ်မှတ်စုများ | ပန်းချီဆရာကြီး Dr ဦးလွန်းကြွယ် | အမေ့ဥယျာဉ် | ၆၀၀၀ |
| ၂၂။ | အချစ်ဆုံး | မြတ်ငြိမ်း | အလင်းသစ် | ၄၅၀၀ |
| ၂၃။ | ကျမဘေးကလူဘယ်သူလဲ | ခက်မာ | ရန်ကုန်လမ်းမများ | ၃၀၀၀ |
| ၂၄။ | ကိုယ်ပိုင်ဘဝထဲမှာပဲနေပါ | လွင်ဦး | ဘီးလူးချောင်းစာပေ | ၄၅၀၀ |
| ၂၅။ | HVAC For Marine Offshore | Aung Myat Thu | ကောင်းကျော် | ၁၅၀၀၀ |
| ၂၆။ | ပုဂံလမ်းရဲ့အလွမ်းကဗျာ | ကေဝိုင် | ပဒ္ဒကံ | ၁၅၀၀ |

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၇၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၁၀/၈၆၅ | ကျပ် | ၈၅၀/၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၇၀ | ကျပ် | ၇၈၅/၈၀၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၀၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၀ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၇ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၃ . ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၅ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၆ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၂၉၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၇၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၅၁၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၁၃၁၇၈ | ၁၅၈၁၃၆၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၇၉၀၆ | ၃၁၂၂၈၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၃၃၄ | ၇၅၇၉၅၀၀ |
| TMH | ၂၉၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး** - စိုးစိုးနိုင်
**သတင်းထောက်ချုပ်** - မြင့်ဆွေ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
**အကြီးတန်း သတင်းထောက်များ** - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်း သတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လားရှိုးမြို့နယ် နောင်မွန်ကျေးရွာ၌ အာဖရိကဝက်အပြင်းဖျားရောဂါပိုးတွေ့ရှိသဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိ

**ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာ၌ သံသယဖြစ်ဖွယ် ဝက်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖေဖော်ဝါရီ ၁၇ ရက်တွင် နာမကျန်းဝက်နှစ်ကောင်မှ ကောက်ယူထားသော သွေးနမူနာပစ္စည်းကို မော်လီကျူလာနည်းပညာ (Real Time –PCR) ဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ အာဖရိကဝက်အပြင်းဖျားရောဂါပိုး (African Swine Fever Virus) ၏ မျိုးရိုးဗီဇကို တွေ့ရှိခဲ့ရသဖြင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (OIE) သို့ သတင်းပေးပို့ထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။**



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း (မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် လက်ရှိတွင် အာဖရိကဝက်အပြင်းဖျားရောဂါ အခြားဒေသသို့ ကူးစက်ခြင်းမရှိစေရန် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထိုသို့ ဆောင်ရွက်နေသည့် အခြေအနေများနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အာဖရိက ဝက်အပြင်းဖျားရောဂါနဲ့ ပတ်သက်ပြီး ဒီနေ့ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ အရင်ဆုံး အာဖရိက ဝက်အပြင်းဖျားရောဂါ တွေ့ရှိမှုနဲ့ပတ်သက်ပြီး သိပါရစေ။**

**ဖြေ ။** ။ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု နောင်မွန်ကျေးရွာမှာ သံသယဖြစ်ဖွယ် ဝက်ရောဂါဖြစ်ပွားမှု တွေ့ရှိခဲ့ပါတယ်။ ဒါကြောင့် နာမကျန်းဝက် နှစ်ကောင်ကနေ သွေးနမူနာပစ္စည်းကို ကောက်ယူခဲ့ပါတယ်။ ဒီသွေးနမူနာကို မော်လီကျူလာ နည်းပညာ (Real Time –PCR) နဲ့ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာမှာ အာဖရိကဝက်အပြင်းဖျားရောဂါပိုး (African Swine Fever Virus)ရဲ့ မျိုးရိုးဗီဇကို တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ကို သတင်းပေးပို့ခဲ့ပါတယ်။ အဲဒီကျေးရွာအုပ်စုမှာ စုစုပေါင်း ဝက် မွေးမြူကောင်ရေ ၈၅၄ ကောင်ရှိပြီးတော့ သေဆုံးကောင်ရေကတော့ ၃၀ ရှိခဲ့ပါတယ်။

**မေး ။ ။ ဒီလိုတွေ့ရှိမှုအပေါ်မှာ ဌာနအနေနဲ့ ဘာတွေဆောင်ရွက်နေပြီလဲဆိုတာ သိပါရစေ။**

**ဖြေ ။** ။ လက်ရှိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ အာရှတိုက်မှာ စုစုပေါင်းနိုင်ငံ ၁၁ ခုမှာ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း သိရှိရပါတယ်။ အာဖရိကဝက်အပြင်းဖျားရောဂါဟာ အရင်က အာဖရိကတိုက်နိုင်ငံတွေက ဝက်တွေမှာသာ ဖြစ်ပွားခဲ့ပေမယ့် ၂၀၁၈ ခုနှစ် ဩဂုတ်လကစပြီး အိမ်နီးချင်း အာရှနိုင်ငံတွေမှာလည်း ကူးစက်ဖြစ်ပွားခဲ့တယ်။

ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေပါပြီ။ ဒီလို ရောဂါဖြစ်ပွားမှုတွေ့ရှိရင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ကို သတင်းပေးပို့ရပါတယ်။ ဒါကြောင့် သတင်းပေးပို့ထားပြီးပါပြီ။

ပြီးတော့ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ တခြားနေရာတွေကို ကူးစက်မှု မရှိစေဖို့ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို စတင်လုပ်ဆောင်နေပါပြီ။ ဒီလို ဆောင်ရွက်ရာမှာလည်း လုပ်ငန်းတွေထိရောက်ဖို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

**မေး ။ ။ အာဖရိကဝက်အပြင်းဖျားရောဂါဟာ ကာကွယ်ကုသလို့ ရပါသလား။**

**ဖြေ ။** ။ အာဖရိကဝက်အပြင်းဖျားရောဂါက ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ပြီးတော့ အိမ်မွေးဝက်တွေ၊ တောဝက်တွေ သေဆုံးမှုမြင့်မားတဲ့ ရောဂါတစ်မျိုးဖြစ်ပါတယ်။ ကာကွယ်ဆေးနဲ့ ကုသဆေး မရှိသေးပါဘူး။ ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ဖို့အတွက် ရောဂါဖြစ်ကြောင်း အတည်ပြုပြီးတဲ့ ခြံကို သုတ်သင်ရှင်းလင်းခြင်း (Stamping out) ပိုးသတ်ဆေးဖျန်းခြင်း၊ ရောဂါဖြစ်ဒေသက ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေ တင်သွင်းမှုကို ကန့်သတ်တားဆီး ပိတ်ပင်ခြင်း စတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ကြရပါတယ်။

**မေး ။ ။ အာဖရိကဝက်အပြင်းဖျားရောဂါဟာ လူသို့ ကူးစက်တတ်ပါသလားဆရာ။**

**ဖြေ ။** ။ လူကို ကူးစက်တတ်တဲ့ ရောဂါအမျိုးအစား မဟုတ်ပါဘူး။

**မေး ။ ။ ရောဂါဖြစ်ဒေသတွေက တခြားဒေသတွေကို ကူးစက်ခြင်းမရှိစေဖို့အတွက် ဘာတွေဆောင်ရွက်သင့်တယ်ဆိုတာလဲ ပြောပြပေးပါ။**

**ဖြေ ။** ။ အဓိကကတော့ ဝက်မွေးမြူရေးခြံတွေရဲ့ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ဖို့ လိုပါတယ်။ ဝက်ခြံတွေနဲ့ ဝက်သားသတ်ရုံတွေမှာလည်း စနစ်တကျပိုးသတ်ဆေးဖျန်းတဲ့ လုပ်ငန်းစဉ်ကို ပုံမှန်ဆောင်ရွက်ဖို့ လိုပါတယ်။

ကျွန်တော်တို့ဆီမှာ ဝက်မွေးမြူတဲ့အခါ စားကြွင်းစားကျန်ကို ကျွေးတာမျိုးရှိပါတယ်။ ဒီကနေ တစ်ဆင့် ကူးစက်နိုင်တဲ့အတွက် မကျွေးသင့်ပါဘူး။ မွေးမြူရေးခြံတွေမှာလည်း တခြားခြံကနေ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲတာမျိုး ရှောင်သင့်ပါတယ်။ အသက်အရွယ်တူ ဝက်တွေကိုသာ အတူတူ မွေးမြူဖို့၊ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေဖို့၊ တောဝက်နဲ့ အိမ်မွေးဝက်တွေ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ဖို့ ဒါတွေကလည်း အရေးကြီးပါတယ်။ ပြီးတော့ ရောဂါနဲ့ သေဆုံးတဲ့ ဝက်တွေကို မြစ်ချောင်းတွေထဲ မစွန့်ပစ်ဖို့ အရေးကြီးပါတယ်။ ဒီလိုရောဂါနဲ့ သေဆုံးတဲ့ ဝက်တွေ စားသုံးမှုကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။ တောဝက်နဲ့ အိမ်မွေးဝက်တွေ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးရင် နီးစပ်ရာ ဒေသကအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့တွေထံကို ချက်ချင်းသတင်းပို့ပေးဖို့ လိုအပ်ပါတယ်။

**မေး ။ ။ နှစ်စဉ် အာဖရိကဝက်အပြင်းဖျားရောဂါက အိမ်နီးနားချင်းနိုင်ငံတွေမှာ ဖြစ်ပွားမှုတွေ ရှိလာတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း ဒီရောဂါနဲ့ပတ်သက်ပြီး ဦးစီးဌာနအနေနဲ့ ဘာတွေဆောင်ရွက်ခဲ့ပါသလဲ။**

**ဖြေ ။** ။ ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ မြန်မာနိုင်ငံ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလား၊ မိုင်းယောင်း၊ မိုင်းဖြတ်မြို့နယ်တွေမှာ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆန်းမြို့နယ်တွေမှာ အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်ဖြစ်ပွားခဲ့တယ်။

ဝက်ရောဂါ စူးစမ်းလေ့လာရေးသင်တန်းကို အန္တရာယ် အလားအလာမြင့်မားတဲ့ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးက ဝန်ထမ်းတွေကို သင်တန်းပို့ချခဲ့ပြီးဖြစ်ပါတယ်။ ရောဂါနဲ့ ပတ်သက်ပြီး အသိပညာပေးခြင်း awareness တွေအတွက် လက်ကမ်းစာစောင်တွေကို ဖြန့်ဝေတာမျိုးလည်းရှိတယ်။ ပြီးတော့ နယ်စပ်ဒေသကုန်သွယ်ရေး ဝင်ပေါက်/ထွက်ပေါက်တွေမှာ ဝက်နဲ့ ဝက်ထွက်ပစ္စည်းတွေကို စစ်ဆေးကြီးကြပ်ခြင်းတွေ ပိုမိုအားကောင်းလာစေဖို့ တိုးမြှင့်ဆောင်ရွက်သွားရပါမယ်။

ပြီးတော့ ပြည်သူလူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တရားမဝင် ဝက်နှင့် ဝက်ထွက်ပစ္စည်းများ ကန့်သတ်ပိတ်ပင်တားဆီးခြင်း၊ ဝက်များရွှေ့ပြောင်းသယ်ဆောင်ခြင်းကို ထိန်းချုပ်ကန့်သတ်ခြင်း၊ ဇီဝလုံခြုံမှု မြှင့်တင်ခြင်း၊ ကောင်းမွန်သော မွေးမြူမှုကျင့်စဉ် (GAHP) ပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရောဂါ စူးစမ်းထောက်လှမ်းခြင်း၊ ဓာတ်ခွဲခန်းများ စွမ်းရည်မြှင့်တင်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ သဏ္ဌာန်တူလေ့ကျင့်ခန်းများ (Simu-lation Exercise) ဆောင်ရွက်ခြင်း စတာတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

နောက်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ညွှန်ကြားချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် မတ် ၂၀ ရက်မှာ (ခ) စာရင်းဝင်ကူးစက်ရောဂါအဖြစ် ထုတ်ပြန်သတ်မှတ်ခဲ့တယ်။ ဇူလိုင် ၃ ရက်မှတော့ (က) စာရင်းဝင် ကူးစက်ရောဂါအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့တာ ရှိပါတယ်။

သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် / ခရိုင်/ မြို့နယ်အဆင့်အလိုက် ဒေသအာဏာပိုင်အဖွဲ့အစည်းတွေ၊ ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေအဖြစ် တရားမဝင် ဝင်ရောက်လာတဲ့ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တားဆီးကာကွယ်ထိန်းချုပ်ရေး အဖွဲ့များ ဖွဲ့စည်းခဲ့တယ်။ ပြီးတော့ တရားမဝင် ဝင်ရောက်လာတဲ့ ဝက်နဲ့ ဝက်ထွက် ပစ္စည်းတွေကိုစစ်ဆေးပြီး ကန့်သတ်/ပိတ်ပင်/တားဆီး/ဖျက်ဆီးခြင်း လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားလိုတာများရှိရင် ဖြည့်စွက်ပြောကြားပေးပါဆရာ။**

**ဖြေ ။** ။ ဒီရောဂါဟာ လူကိုကူးစက်တတ်တဲ့ရောဂါ မဟုတ်ပါဘူး။ ဒါပေမယ့် ရောဂါထိန်းချုပ်ဖို့ အတွက် သက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ဝက်မွေးမြူတဲ့သူတွေ၊ ဝက်အရောင်းအဝယ် လုပ်တဲ့သူတွေ၊ သယ်ယူပို့ဆောင်တဲ့သူတွေ အားလုံး ပူးပေါင်းပါဝင်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒီလိုပူးပေါင်းပါဝင်ပေးဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ဝက်မွေးမြူရေးအတွက် ဆုံးရှုံးထိခိုက်စေနိုင်လို့ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်တွေကို လိုက်နာဆောင်ရွက်ကြဖို့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**နန္ဒာဟန်**

## မင်္ဂလာတောင်ညွန့်၌ မီးလောင်မှုဖြစ်ကာ သုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်ရှိ နေအိမ်တိုက်ခန်းတစ်ခန်း၌ မီးလောင်မှုဖြစ်ပွားရာ နေအိမ်အတွင်းရှိ အမျိုးသမီးနှစ်ဦးနှင့် အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်၊ ၉၇-လမ်း၊ အမှတ် ၂၅ (ပ-လွှာ) နေအိမ်တိုက်ခန်း၌ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်ယာဉ် ၁၀ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၇၂ ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။



အဆိုပါ မီးလောင်မှုကြောင့် အိမ်ပိုင်ရှင် ဦးတင်မောင်ဝင်း (၇၀ နှစ်)၏ ဇနီးဖြစ်သူ ဒေါ်ခင်အေးဝင်း (၆၈ နှစ်) အပါအဝင် အိမ်လာလည်သူ လွတ်လပ်ရေးရပ်ကွက်၊ ၉၆-လမ်း အမှတ်၂၆ (၆-လွှာ)နေ ဒေါ်သီတာ (၄၀နှစ်) နှင့် ၎င်း၏သား မောင်ငြိမ်းဇေယျာထွန်း(ခ) အိုဝိုက် (၉ နှစ်)တို့သုံးဦးမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး မဖြိုးမမစိုး (၃၂နှစ်)တွင် မီးလောင်ဒဏ်ရာ (စိုးရိမ်ရ)ရရှိကာ ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ မီးလောင်မှုအကြောင်းရင်းအား စုံစမ်းစစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့နယ် နန့်မွန်းမြို့ အမှတ်(၂)ရပ်ကွက်နေ နိုင်ဝင်းထွန်း(ခ) မောင်မောင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မြင့်လွင်ဦးအား တွေ့ရှိရပြီး နေအိမ်မှ ဘိန်းဖြူ သုည ဒသမ ၂၈ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲက ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ခန္တီးမြို့ ခန္တီးမြို့မရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးရှိ စက်လှေဆိပ်အနီး၌ ဆိုက်ကပ်ထားသည့် စက်လှေကို စစ်ဆေးရာ စက်လှေပေါ်တွင် မခင်မျိုးရီ၊ သန်းဇော်ဦးနှင့် ကျော်စိန်တို့ကို တွေ့ရှိရပြီး လှေပေါ်မှ ဘိန်းဖြူ သုည ဒသမ ၉၄၀၅ ကီလိုကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဆရာစံလမ်း ရန်ကင်းစင်တာရှေ့တွင် တွေ့ရှိသူ အေးသူရကျော်(ခ)ကိုဒီး၊ သန်းထိုက်နှင့် ကောင်းမြတ်လွင်တို့ကိုရှာဖွေရာ ၎င်းတို့ထံမှ ဆေးခြောက် သုည ဒသမ ၁၄၅ ကီလိုနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် အေးသူရကျော်(ခ)ကိုဒီး ငှားရမ်းနေထိုင်သည့် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး သာခုအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ် (၂၀၁)ကို ရှာဖွေရာ အခန်းအတွင်း ဟိန်းအောင်ကျော်(ခ)ကိုဟိန်း၊ ဖွဲမာန်ဝင့်သူ(ခ) ဖွဲမာန်၊ ထက်အောင်ဝင်းနှင့် ရဲရန်နောင်တို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဆေးခြောက် ၈ ကီလိုနှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို လည်းကောင်း။

အလားတူ ညနေ ၃ နာရီခွဲတွင် နမ့်စလပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် ကောင်းဝိန်းကျေးရွာအုပ်စု တာယာကိုကျေးရွာနေ ချောင်စီ၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

